## ပြောင်းစားဘီလူး/နဂသိဏ်

Scientific name - *Striga asiatica* (L.) Kuntze

Common name - Witch weed

Family - Orobanchaceae







အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်၍ ပြောင်း၊ နှံစားပြောင်း၊ ဆပ်နှင့် ကြံပင်တို့တွင် ကပ်ပါးပြုသည်။ အမြစ်များသည် လက်ခံပင်၏အမြစ်များနှင့် ရောနှောထိစပ်နေသည်။ ပင်စည်သည် ထောင်မတ်လျက်ပေါက်သည်။ ကပ်ပါးပေါင်းဖြစ်ပြီး ၃၀ - ၄၀ စင်တီမီတာအထိရှည်သည်။ ပင်တည်း သို့မဟုတ် ကိုင်းဖြာထွက်သည်။ ပင်စည်နှင့်အရွက်ကို အမွေးကြမ်းများ ကျဲကျဲဖုံးအုပ်ထားသည်။ အစိမ်းရောင်အရွက်သည် သေးသွယ်၍ လုံးသွားပုံဖြစ်ကာ အရွက်မျက်နှာပြင်ကြမ်းသည်။ ရွက်ညှာမဲ့သည်။ အောက်ခြေပိုင်းအရွက်များသည် ရွက်ဆိုင်ထွက်ပြီး အပေါ်ဘက်အရွက်များမှာ ရွက်လွှဲထွက်သည်။ ပန်းခိုင်မှာ ထိပ်ထွက်နှင့် ကြားထွက်ပန်းခိုင်ဖြစ်သည်။ ပန်းပွင့်သည် အဖြူရောင်ရှိ၍ တစ်ခါတစ်ရံ အနီ သို့မဟုတ် အဝါရောင် သို့မဟုတ် ခရမ်းဖျော့ရောင် အမျိုးမျိုးတွေ့ရသည်။ အသီးသည် အက်ကွဲသီးဖြစ်၍ အစေ့ရာပေါင်းများစွာပါရှိသည်။ အစေ့သည် အလွန်သေးငယ်ပြီး အနက်ရောင်ရှိသည်။ လက်ခံပင်မှ ထုတ်သော သစ်ရည်အားဖြင့် အစေ့ကိုမျိုးပွားစေသည်။